# အခန်း ၆

# ပြန်လည် ကုစား ပေးလျော်ခြင်းများ

**နိုင်ငံတကာလုပ်ထုံးလုပ်နည်း**
**အခန်း ၃ -နိုင်ငံတကာဥပဒေအောက် လိုင်ဖက်ဆိုင်ရာအကြမ်းဖက်မှု**
**စာမျက်နှာများ - ၇၄-၈၃**


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# သင်တန်း ရည်မှန်းချက်များ

ပြန်လည် ကုစား
ပေးလျော်ရန်ဖြစ်နိုင်သည့်လမ်းကြောင်းများချမှတ်ခြင်း

လုံလောက်သည့် ကုစားခြင်းနှင့် ပြန်လည် ကုစား
ပေးလျော်ခြင်းတွင်မည်သည်တို့ပါဝင်သည်ကိုဖော်ပြရန်

ထိခိုက်နစ်နာခြင်းပုံစံအမျိုးမျိုးအတွက်မည်သည့်အချက်များ၊မည်သို့
စုဆောင်းရမည်ကိုဖော်ပြရန်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# နိုင်ငံတကာဥပဒေကမည်သည့်ကုစား နည်းများပြဋ္ဌာန်းထားပါသလဲ?

ထိရောက်သည့်ကုစားခံပိုင်ခွင့်သည်နိုင်ငံတကာထုံးတမ်းစဉ်လာဥပဒေ၏အပိုင်းတပိုင်းဖြစ်ပြီး အခြား**နိုင်ငံတကာဥပဒေများ**တွင်လည်း ပါဝင်သည်

ကျူးလွန်ခံရသူများနှင့် အခြားကြီးလေးသည့်လူ့အခွင့်အရေးချိုးဖောက်ခြင်းများအတွက်

နိုင်ငံတကာဥပဒေပါ ကုစားခံပိုင်ခွင့်

*ကုစားခြင်းနှင့် ပြန်လည် ကုစား ပေးလျော်ခြင်းအတွက်ကုလသမဂ္ဂ အခြေခံမူများ*

| | | |
|---|---|---|
| တန်းတူညီမျှ ထိရောက်မှုရှိသည့် **တရားမျှတမှုရရှိခြင်း** | လုံလောက်၊အကျိုးရှိ၊ တိကျမြန်ဆန်သော **ပြန်လည် ကုစား ပေးလျော်ခြင်း** | အကူအညီပေးသည့်အဖွဲ့အစည်းနှင့် ပြန်လည် ကုစား ပေးလျော်သည့်နည်းလမ်းများနှင့်ပတ်သက်သည့် **ဗဟုသုတ**ရခြင်း |


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# CARSV သားကောင်ကမည်သူလဲ?

CARSV ကျူးလွန်ခံရသူများကို ပြန်လည် ကုစား ပေးလျော်ခြင်းအတွက် အကျယ်ပြန့် သတ်မှတ်ထားသည်



# ပြန်လည်ကုစားပေးလျော်မှုရနိုင်သည့်လမ်းကြောင်းများမှာအဘယ်နည်း?

တရားမဆိုင်ရာ
တရားစွဲဆိုခြင်း

ပြစ်မှုဆိုင်ရာတရားစွဲ
ဆိုခြင်းများတွင်လျော်
ကြေးအတွက်စီရင်
ထုံး

အုပ်ချုပ်ရေးပိုင်းမှ
ပြန်လည် ကုစား
ပေးလျော်ပေးသည့်
အစီအစဉ်များ

လူ့အခွင့်အရေး
အရတရားစွဲခြင်း

ကျူးလွန်ခံရသူများ
အတွက် ICC
ရံပုံငွေ

# ပြန်လည်ကုစားပေးလျော်မှုရနိုင်သည့်လမ်းကြောင်းများမှာအဘယ်နည်း

- CARSVကျူးလွန်ခံရသူများပြည်တွင်း၊ဒေသတွင်းနှင့်နိုင်ငံတကာအဆင့် လမ်းကြောင်းတို့မှတဆင့်ကွဲပြားသည့် ပြန်လည် ကုစား ပေးလျော်မှုပုံစံရယူနိုင်သည်။
- အုပ်ချုပ်ရေးပိုင်းဆိုင်ရာ (အစိုးရမှ) ပြန်လည် ကုစား ပေးလျော်သည့်အစီအစဉ် များသည် CARSV ကျူးလွန်ခံရသူများအတွက်ပိုကောင်းသည့်ပုံစံဖြစ်သည်။ တရားရုံးမှဆုံးဖြတ်သည့်နစ်နာကြေးထက်အားသာချက်များနှင့် နှိုင်းယှဉ်လျှင်-
- နာမည်အမည်းစက်မရှိရန်ကာကွယ်ခြင်း - ကျူးလွန်ခံရသူမည်သူဖြစ်သည်ကိုအများပြည်သူမသိရှိခြင်း
- ရယူရန်လွယ်ကူခြင်း - ရုံးပိုင်းဆိုင်ရာအဆင့်နဲခြင်း
- ပိုမြန်ဆန်ပြီး လုပ်နိုင်ကိုင်နိုင်ခြေရှိသည့်လုပ်ငန်းစဉ်
- ပါဝင်မှု - ကျူးလွန်ခံရသူအရေအတွက်အများအပြားကိုလက်လှမ်းမီပေးကမ်းနိုင်ခြေရှိခြင်း
- ပြည်တွင်းသို့မဟုတ်နိုင်ငံတကာတရားရုံးများမှပြန်လည်ကုစားပေးရာတွင်အုပ်ချုပ်ရေးပိုင်းမှ ပေးသည့်ပြန်လည်ကုစားပေးလျော်မှုအစီအစဉ်ကိုထည့်သွင်းစဉ်းစားခြင်းနှင့်ဖြည့်စွက်ခြင်းတို့ ဆောင်ရွက်သင့်သည်။


နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ပြန်လည် ကုစား ပေးလျော်မှုဆိုင်ရာအစိကမူများမှာအဘယ်နည်း?

ပြန်လည် ကုစား ပေးလျော်မှုများသည် **ကျူးလွန်ခံရသူကိုအခြေပြုခြင်း၊ကျား-မ gender တန်းတူအလေးထားခြင်း၊လောက်ငှခြင်း၊အကျိုးရှိခြင်းနှင့် ပြည့်စုံကျယ်ပြန့် လွှမ်းခြုံခြင်း၊ ကျူးလွန်ခံရသူ၏လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ခြင်းနှင့် ထိခိုက်ခံစားရသည့်ကြီးလေးမှုနှင့်အချိုးကျရမည်**

လုံလောက်သည့် ပြန်လည် ကုစား ပေးလျော်မှုတွင် ပုံစံ၅ရပ်ပေါင်းစပ်ပါဝင်သည်-

**မူလအခြေအနေအတိုင်းပြန်လည်ပေးအပ်ခြင်း restitution ၊လျော်ကြေးပေးခြင်း၊ကျေနပ်နှစ်သိမ့်စေခြင်း၊ပြန်လည်ထူထောင်ခြင်းနှင့်နောင်ထပ်ပြန်လည်ကျူးလွန်မခံရစေရန်အာမခံခြင်း**

ပြန်လည် ကုစား ပေးလျော်မှုသည်**ပြုပြင်ပြောင်းလဲနိုင်စွမ်း**ရှိရမည်ဖြစ်ပြီးကျူးလွန်သည့်ပုံသဏ္ဍာန်၊ကျူးလွန်သူများနှင့်ပတ်သက်သည့်အာဏာတည်ဆောက်ပုံမညီမျှမှုများနှင့် ကျား-မ gender တရားသေစွဲကိုင်ထားသည့်မူဝါဒ/အယူစွဲကဲ့သို့ **လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏မြုပ်ကွယ်နေသည့်အချက်များကိုဖြေရှင်းနိုင်ရမည်။**

CARSVကျူးလွန်ခံရသူများအတွက် **တရားရုံးမှ နှင့်/သို့မဟုတ် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ** ပြန်လည် ကုစား ပေးလျော်မှုများနှင့်ပတ်သက်သည့်အချက်အလက်များရယူနိုင်စေရမည်


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ပြန်လည် ကုစား ပေးလျော်မှုဆိုင်ရာ အဓိကမူများ မှာအဘယ်နည်း?

**တဦးချင်းစီ သို့မဟုတ် စုပေါင်း၍ဖြစ်စေ** ပြန်လည် ကုစား ပေးလျော်မှုအစီအစဉ်တွင်**ရုပ်ဝတ္ထုပစ္စည်းနှင့် /သို့မဟုတ် အထိမ်းအမှတ်သင်္ကေတ ဖြင့်** ဖြစ်စေ ပြန်လည် ကုစား ပေးလျော်ခြင်းများ ပါဝင်ကောင်းပါဝင်နိုင်သည်။

ပြန်လည် ကုစား ပေးလျော်ခြင်းအစီအစဉ်ရေးဆွဲ အကောင်အထည်ဖော် စောင့်ကြည့်လေ့လာရာတွင်တိုင်ပင်ဆွေးနွေးခြင်းနှင့် CARSV**ကျူးလွန်ခံရသူများ၏အဓိပ္ပါယ်ရှိသောပူးပေါင်းပါဝင်မှု** ကမပါမဖြစ်အရေးကြီးသည်။

စိတ်ချယုံကြည်ရမှုသည်သော့ချက်ဖြစ်ပြီး၊ကျူးလွန်ခံရသူ၏ပါဝင်မှုသည်**ကိုယ်ရေးကိုယ်တာကိုယ်ပိုင်လွတ်လပ်ခွင့်**ကိုထိခိုက်သည်အထိမဖြစ်စေသင့်၊သို့မှသာနာမည်ပျက်အမည်းစက်ဖြစ်ခြင်းမှရှောင်နိုင်မည်။

**ကျူးလွန်ခံရသူ၏အရေးပေါ်လိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန်**-ဥပမာ- ဂရင်ဂျီနာခွဲစိပ်မှု၊ခုခံအားကျဆင်းမှုတိုက်ဖျက်သည့်ဆေးများ၊အန္တရယ်မရှိသည့်ကိုယ်ဝန်ဖျက်ချခြင်း၊/ကလေးမီးဖွားခြင်းဝန်ဆောင်မှု၊စိတ်ရောဂါကုထုံးများ၊စသည်ကိုဖြည့်ဆည်းနိုင်ရန် **ကြားကာလ ပြန်လည် ကုစား ပေးလျော်ခြင်းလုပ်ငန်းများ** အစိုးရကဆောင်ရွက်သင့်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# လုံလောက်သည့်ကုစားခြင်းနှင့်ပြန်လည်ကုစားပေးလျော်မှုတွင် မည်သည်တို့ပါဝင်သနည်း





*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# လုံလောက်သည့် ကုစားခြင်းနှင့် ပြန်လည် ကုစား ပေးလျော်မှုတွင် မည်သည်တို့ပါဝင်သနည်း

- အထက်ပါပုံစံ၅ခုသည်အချင်းချင်းဖြည့်စွက်အကျိုးပြုနေသည်၊ CARSVတခုချင်းစီတည်ရှိနေသည်မဟုတ်ပဲကျူးလွန်ခံရသူတွင်ရှိ ကွဲပြားသည့်လိုအပ်ချက်များကို တခုချင်းစီဖြည့်စည်းပေးသည်
- ငွေကြေးတမျိုးတည်းဖြင့်လျော်ကြေးပေးသည်မှာCARSVကျူးလွန်ခံရသူများအတွက် လုံလောက်သည့် ပြဿနာဖြေရှင်းသည့်ပုံစံမဟုတ်ပေ။

**ယခင်ရှိပြီးသားကျူးလွန်လေ့ရှိသည့်ပုံသဏ္ဍာန်များ၊ကျူးလွန်သူများနှင့်ပတ်သက်သည့် အာဏာတည်ဆောက်ပုံမညီမျှမှုများ နှင့် ကျူးလွန်ခံရသူများကိုထပ်မံအန္တရာယ်ပေးခြင်းမှရှောင်ရှားနိုင်ရန် သတိထားရမည်**

# ၁. မူလအခြေအနေအတိုင်း ပြန်လည်ပေးအပ်ခြင်း Restitution

မူလအခြေအနေအတိုင်း ပြန်လည်ပေးအပ်ခြင်းဆိုသည်မှာ ကျူးလွန်ခံရသူကို ကျူးလွန်မခံရမီက သူတို့၏မူလအခြေအနေအတိုင်းပြန်ဖြစ်လာစေခြင်းကိုဆိုလိုသည်။ အောက်ပါအချက်တို့ပါဝင်သည်-

- အိမ်ယာ၊မြေ သို့မဟုတ်ပိုင်ဆိုင်ပစ္စည်းကိုမူလအခြေအနေအတိုင်းပြန်ဖြစ်စေခြင်း
- ပညာသင်ကြားနိုင်ခြင်း
- ပြန်လည်လွတ်လပ်စွာနေထိုင်ခြင်း
- အလုပ်လုပ်ကိုင်နိုင်ခြင်း
- အခြားလူ့အခွင့်အရေးများခံစားနိုင်ခြင်း

- မူလအခြေအနေအတိုင်း ပြန်လည်ပေးအပ်နိုင်ရန်သက်သက်အတွက်အာရုံစိုက်ခြင်းသည် ယခင်ကရှိနှင့်ပြီးကျား-မgenderတန်းတူမညီမျှမှုတည်ဆောက်ပုံ၊နှိမ့်ချခွဲခြားဆက်ဆံခြင်းနှင့်
- အကြမ်းဖက်မှုကိုတဖန်ပြန်ဖြစ်စေနိုင်သည်

- မူလအခြေအနေအတိုင်းပြန်လည်ပေးအပ်ခြင်းကိုအခြားပြုပြင်ပြောင်းလဲနိုင်ရန်အလားအလာရှိသည့် ပြန်လည် ကုစား ပေးလျော်မှုပုံစံများဖြင့်ဖြည့်စွက်သင့်သည်



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊*

# ၂. လျော်ကြေးပေးခြင်း

စီးပွားရေးအရအကဲဖြတ်နိုင်သည့်ဆုံးရှုံးမှုကိုငွေကြေးဖြင့်ပေးလျော်ခြင်း

- ခန္ဓာကိုယ်ထိခိုက်နာကျင်မှု
- စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်မှု
- လက်လွတ်ဆုံးရှုံးရသည့်အခွင့်အရေးများ
- ဝင်ငွေ/ရှာဖွေနိုင်သည့်အလားအလာဆုံးရှုံးခြင်း
- စာရိတ္တပိုင်းဆိုင်ရာ ပျက်စီးခြင်း
- ကျန်းမာရေး/ပြန်လည်ထူထောင်ရေးစရိတ်
- ဥပဒေအထောက်အကူ ကုန်ကျစရိတ်

# ၃.ပြန်လည်ထူထောင်ရေး

ပြန်လည်ထူထောင်ရေးဆိုသည်မှာ ကျူးလွန်ခံရသူများကို အချိန်နှင့်တပြေးညီ၊လုံလောက်သော၊တသမတ်တည်းဖြစ်သော၊ ကျား-မ gender/ယဉ်ကျေးမှုကိုအလေးထားသည့်လိုအပ်သည့်အကူအညီအားလုံးပေးခြင်းဖြစ်သည်

- ကျန်းမာရေးစောင့်ရှောက်မှု
- စိတ်ပိုင်းဆိုင်ရာစောင့်ရှောက်မှု
- ဥပဒေပိုင်းဆိုင်ရာဝန်ဆောင်မှု
- လူမှုရေး ဝန်ဆောင်မှုများ (ဥပမာ-နေစရာအိမ်)
- စီးပွားရေးနလံထူခြင်း
- ပညာရေး
- အလုပ်အကိုင်အခွင့်အလမ်း
- ကာကွယ်စောင့်ရှောက်သည့်လုပ်ငန်းများ



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈*

# ၄.ကျေနပ်နှစ်သိမ့်ခြင်း

- ကျေနပ်နှစ်သိမ့်စေခြင်းတွင်ပုံစံမျိုးစုံပါဝင်နိုင်သည်
  - အကြမ်းဖက်မှုကိုအဆုံးသတ်နိုင်သည့်ထိရောက်သည့်နည်းလမ်းများ
  - တရားရုံးတင်စွပ်စွဲခြင်းနှင့်ချိုးဖောက်သူများအတွက် ပြစ်ဒဏ်များ
  - အများပြည်သူတို့အမှတ်တရ၊အထိမ်းအမှတ်များနှင့်ကျူးလွန်ခံရသူများကို ချီးကျူးဂုဏ်ပြုခြင်း
  - တာဝန်သိကြောင်းအသိအမှတ်ပြုခြင်းအပါအဝင်အများတကာရှေ့တွင်တောင်းပန်ခြင်း

- မည်သည်တို့ပါဝင်စေရမည်နည်း
  - ဒီဇိုင်း-ကျူးလွန်ခံရသူခံစားဖြတ်သန်းခဲ့ရသည့်ထိခိုက်မှုအန္တရာယ်များ၊ ထိခိုက်ဒဏ်ရာပျောက်ကင်းရေးအတွက်သီးခြားလိုအပ်ချက်များကို လုံးစေ့ပတ်စေ့နားလည်ရမည်
  - ကျူးလွန်ခံရသူများကို ခွန်အားဖြည့်ပေးရန်
  - ရှောင်ရန် - ကျူးလွန်ခံရမှု၊ထိခိုက်ခံစားရမှုတို့ကိုထပ်မံအားဖြည့် ဆိုးရွားစေခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ၅. နောက်ထပ်ပြန်လည်ကျူးလွန်မခံရစေရန်အာမခံခြင်း

- ကျူးလွန်နိုင်ရန်အားပေးသည့်ကျူးလွန်သူများနှင့်ပတ်သက်သည့်အာဏာတည်ဆောက်ပုံ၊ဆက်သပ်နေသည့်နောက်ခံအခြေအနေများကိုကိုင်တွယ်ဖြေရှင်းရန် ရည်မှန်းပါ(ဥပမာ- လိင်၊ကျား-မ gender၊လိင်စိတ်တိမ်းညွတ်ခြင်း၊တိုင်းရင်းသား၊ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊နိုင်ငံရေးသဘောထား စသည်တို့ အခြေခံသည့် နှိမ်ချခွဲခြားဆက်ဆံခြင်း၊..)

  - သက်ဆိုင်ရာဥပဒေများနှင့်အလေ့အကျင့်များ ပြုပြင်ပြောင်းလဲခြင်း
  - တရားစီရင်ရေးစံနစ်ပြုပြင်ပြောင်းလဲခြင်း
  - အစိုးရအရာရှိများကိုနိုင်ငံတကာစံနှုန်းများအကြောင်းသင်တန်းပေးခြင်း
  - ကျင့်ဝတ်ဆိုင်ရာစံနှုန်းများနှင့်လိုက်နာရမည့်ကျင့်ဝတ်များကိုလေ့လာလိုက်နာရန်နှိုးဆော်အားပေးခြင်း
  - ခွဲခြားနှိမ်ချဆက်ဆံသည့်သဘောထားများနှင့်ကျား-မ gender ရေးရာဘက်လိုက်မှုတို့ကိုပြောင်းလဲပစ်ရန်အလေးထားရှုမြင်သည့်လှုံ့ဆော်စည်းရုံးမှုများ
  - အကြမ်းဖက်မှု၏အကြောင်းရင်းများကိုဖော်ထုတ်ရန်အမှန်တရားရှာဖွေသည့်ကော်မရှင်များဖွဲ့စည်းပြီးဖြေရှင်းရန်



နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# မည်သည့်ထိခိုက်နစ်နာမှုအန္တရာယ်မျိုးကို မှတ်တမ်းပြုရမည်နည်း

### ခန္ဓာကိုယ်ထိခိုက်နာကျင်ခြင်း

- လက်ငင်းနှင့်ရေရှည်ထိခိုက်ဒဏ်ရာများ
- လိင်မှတဆင့်ကူးစက်သည့်ရောဂါများ (HIV အပါအဝင်)
- မသန်မစွမ်းဖြစ်ခြင်း
- မြူခြင်း၊လိင်ပိုင်းဆိုင်ရာချို့ယွင်းခြင်းနှင့် အခြားမျိုးပွားခြင်းဆိုင်ရာကျန်းမာရေးပြဿနာများ

### စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်ခြင်း

- စိတ်ဒဏ်ရာ/ထိခိုက်ဒဏ်ရာနောက်ဆက်တွဲစိတ်ဖိစီးမှု
- စိတ်ဓါတ်ကျခြင်း
- ဒေါသ၊စိတ်ပူပန်ခြင်း၊ကြောက်စိတ်
- သတ်သေရန်ကြံစည်ခြင်း
- ၊မူးယစ် အရက်သေစာ အလွဲသုံးခြင်းအပါအဝင် အန္တရာယ်ကြီးသည့် အပြုအမူများ၊
- အခြားစိတ်ရောဂါများ

### လူမှုရေးအပိုင်းထိခိုက်မှု

- လူ့အသိုင်းအဝိုင်းတွင်နာမည်ပျက်အမည်းစက်တွင်ခြင်း(မုဒိမ်းကျင့်ခံ၇သည်မှမွေးလာသည့်ကလေးအပါအဝင်)
- ဝိုင်းပယ်ထားခြင်း
- အထီးကျန်ခြင်း
- အိမ်ထောင်ကွဲခြင်း
- အိမ်ထောင်ပြုရန်အခွင့်အရေးဆုံးရှုံးခြင်း
- အခြားစိတ်ပိုင်းဆိုင်ရာထိခိုက်ပျက်စီးခြင်း

### စီးပွားရေးထိခိုက်မှု

- ဝင်ငွေ/ရှာဖွေနိုင်သည့်အလားအလာဆုံးရှုံးခြင်း
- လက်လွတ်ဆုံးရှုံးရသည့်အခွင့်အရေးများ
- ကျန်းမာရေးစရိတ်
- အနာဂါတ်တွင်ကုန်ကျမည့်ပြန်လည်ထူထောင်ရေးစရိတ်
- ဥပဒေအထောက်အကူကုန်ကျစရိတ်
- မုဒိမ်းကျင့်ခံရသည်မှမွေးလာသည့်ကလေးကိုကြီးပြင်းရန်စောင့်ရှောက်ရသည့်စရိတ်



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# မည်သည့်ထိခိုက်နစ်နာမှုအန္တရာယ်မျိုးကိုမှတ်တမ်းပြုရမည်နည်း

- ပြန်လည်ကုစားပေးလျော်မှုမည်သည့်လမ်းကြောင်းကိုရှာဖွေရွေးချယ်သည်ဖြစ်စေ ကျူးလွန်ခံရသူ၊သူတို့၏မိသားစုနှင့်အသိုင်းအဝိုင်းတို့ခံစားရသည့်ထိခိုက်နစ်နာမှုအန္တရာယ်
- စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်မှုကိုရေတွက်တိုင်းတာရန်နှင့် သက်သေပြရန်ခက်ခဲသည်။လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအန္တရာယ်နှင့်၊ မညီမျှသည့်ကျူးလွန်သူများနှင့် ပတ်သက်သည့်အာဏာတည်ဆောက်ပုံကို ကိုနက်နဲစွာနားလည်ရန်လိုသည်
- ဝင်ငွေလုံးဝမရှိသူများအတွက်ဝင်ငွေဆုံးရှုံးခြင်းနှင့်ရှာဖွေနိုင်သည့်အလားအလာဆုံးရှုံးခြင်းကို တွက်ရမည်(ဥပမာ-အိမ်တွင်းအလုပ်လုပ်ခြင်းသို့မဟုတ် မိသားစုပိုင်မြေတွင်အလုပ်လုပ်ခြင်း)တို့ကိုဖန်တီးစဉ်း စားပေးရမည်

မည်သို့ဆောင်ရွက်မည်နည်း?

- ဥပမာ-လူတွေ့စစ်ဆေးမေးမြန်းချိန်တွင်သက်ဆိုင်သည့်မေးခွန်းများကိုမေးပါ၊ ထိခိုက်ဒဏ်ရာများကိုဓါတ်ပုံရိုက်ပါသို့မဟုတ်ဆေးလက်မှတ်၊ ဆေးဖိုး/ဥပဒေအကျိုးဆောင်ခစရိတ်များကိုမိတ္တူကူးပါ


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ပြန်လည် ကုစား ပေးလျော်ရန် ခိုင်လုံသောနည်းလမ်းများကို ပိုင်းခြားစိပ်ဖြာခြင်း

## လေ့ကျင့်ခန်း

အုပ်စုတိုင်းမှယခင်လေ့ကျင့်ခန်းအတွက်ပေးထားသည့်အမှုမှအချက်အလက်အပိုင်းကိုအခြေခံ၍အောက်ပါမေးခွန်းများကိုဖြေရမည်။ပြီးလျှင်အုပ်စုတခုချင်းမှရွေးချယ်ထားသူကမိမိအုပ်စု၏အဖြေကို သင်တန်းတခုလုံးအတွက်တင်ပြရမည်။

အုပ်စု၁။အကယ်၍မိမိသည်အမှုကိုတိုင်ကြားသူ/လျှောက်ထားသူကိုကိုယ်စားပြုသည်ဆိုလျှင်ဖြစ်ခဲ့သည့်ထိခိုက်နစ်နာမှုအန္တရာယ်ကိုမည်သို့တွက်ဆမည်နည်း? ကျူးလွန်ခံရသူ(များ) ကိုနောက်ထပ်မည်သည့်မေးခွန်းများမေးမည်နည်း? မည်သည့်သက်သေအထောက်အထားများစုဆောင်းမည်နည်း?

အုပ်စု ၂။ အကယ်၍သင်သည် ပြဿနာရပ်ကိုကိုင်တွယ်ရသောအရည်အချင်းပြည့်ဝသည့်နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်သူဖြစ်လျှင် ပြန်လည် ကုစား ပေးလျော်ရန်မည်သည့်နည်းလမ်းများ သင် ပြဋ္ဌာန်း ချမှတ်မည်နည်း?


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*